မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

ကြေညာချက်အမှတ် ( ၃၂ / ၂၀၂၄)

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်

# သက်တမ်းလွန် အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်ရများအား သက်တမ်းတိုးလျှောက်ထားနိုင်ရေး အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ နည်းဥပဒေ အခန်း (၈)၊ အပိုဒ် (၇၀) ပါ ပြဋ္ဌာန်းချက်အရ အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ် ရရှိပြီးသူများသည် မှတ်ပုံတင်လက်မှတ်ထုတ်ပေးစဉ်က သတ်မှတ်ပေးလိုက်သည့် သက်တမ်းကုန်ဆုံးချိန်တွင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၆၀) ကြိုတင်၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၂။ ထို့အပြင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ နည်းဥပဒေ အခန်း (၄)၊ အပိုဒ် (၁၉)၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၄) (ဂဂ) တွင် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးလျှောက်ထားရန် တစ်ဆက်တစ်စပ်တည်း (၅) နှစ်နှင့်အထက်ပျက်ကွက်ပါက ကောင်စီမှထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းပြုလုပ်ရန် ပြဋ္ဌာန်းထားပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်ရရှိပြီး သက်တမ်းတိုးလျှောက်ထားရန် တစ်ဆက်တစ်စပ်တည်း (၅) နှစ်နှင့်အထက် ပျက်ကွက်လျက်ရှိသည့် အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်ရများ **(၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်များတွင် သက်တမ်းကုန်ဆုံးသူများ)** အနေဖြင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခြင်းကို **၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက် နောက်ဆုံးထား၍ အမြန်ဆုံးလျှောက်ထားရန်**နှင့် ထိုသို့လျှောက်ထားဆောင်ရွက်ခြင်းမရှိသူများအား အထက်အပိုဒ် (၂) ပါ နည်းဥပဒေပြဋ္ဌာန်းချက်အရ မှတ်ပုံတင်လက်မှတ်ရရှိသူများစာရင်းမှ ပယ်ဖျက်ခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် **09-267 266 100၊ 09-267 266 200၊ 09-267 266 300** သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

4/11

ဥက္ကဋ္ဌ (ကိုယ်စား)

(လှဝင်းဌေး၊ အတွင်းရေးမှူး)

စာအမှတ်။ မအကစ / Reg / ၁၀၅၅ / ၂၀၂၄

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်

**ဖြန့်ဝေခြင်း-**

- မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလျှောက်ထားရန် တစ်ဆက်တစ်စပ်တည်း (၅) နှစ်နှင့်အထက် ပျက်ကွက်လျက်ရှိသည့် အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်ရများ

**မိတ္တူကို-**

- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
- ဒုတိယဥက္ကဋ္ဌ ၁ နှင့် ၂၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
- အတွင်းရေးမှူးအဖွဲ့၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
- အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
- ကောင်စီဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
- မှတ်ပုံတင်အရာရှိချုပ် (တာဝန်)
- အဓိကစာတွဲ
- ရုံးလက်ခံ / မျှောစာတွဲ